**Chin National Front**
**General Headquarters**
**CHINLAND**

ဇန်နဝါရီလ ၁၀၊ ၂၀၀၈

# ကျေးဇူးတင်လွှာ

ချင်းအမျိုးသားတပ်ဦး၏ ဗဟိုကော်မီတီဝင် ပူးခွါအုပ်လျန်နှင့် ဗဟိုကော်မီတီဝင် ပူးဆောလ်မွန် (ချင်းအမျိုးသားတပ်မတော်၊ ဒုတိယစစ်ဦးစီးချုပ်) တို့သည် ဗဟိုအလုပ်အမှုဆောင် ကော်မီတီအစည်း အဝေးဆုံးဖြတ်ချက်အရ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ပြည်ပရောက်ချင်းအမျိုး သားပြည်သူများ၊ အထူးသဖြင့် မလေးရှားနိုင်ငံရောက် ချင်းပြည်သူများထံ ပါတီစည်းရုံးရေးအတွက် စေလွှတ်ခြင်းခံရပြီး တဆက်တည်းတွင် စင်္ကာပူနိုင်ငံရောက် ချင်းပြည်သူတချို့ ထံသို့လည်း ပါတီ၏ စည်းရုံးရေး ပြုလုပ်ခဲ့ကြသည်။

ထိုသို့သွားရောက်ခဲ့ကြရာတွင် ၄င်းတို့နှစ်ဦးအား လှိုက်လှဲနွေးထွေးစွာ လက်ခံကြိုဆိုပြီး သွားရေးလာ ရေးနှင့် နေထိုင်စားသောက်ရေးအတွက် မိမိတို့၏ ကိုယ်ပိုင်လုပ်ငန်းများ လစ်ဟင်းကာအစစ အရာရာ ကူညီပြုစုခဲ့ကြသော ချင်းအမျိုးသားပြည်သူ အယောက်စီ အားလုံးအပေါ် အထူးကျေးဇူး တင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ထို့အပြင် အမျိုးသားလွှတ်မြောက်ရေးအတွက် အနှစ် ၂၀ တိုက်ပွဲဝင်လာခဲ့သော ချင်းအမျိုးသားတပ်ဦး ၏အနာဂါတ် တော်လှန်ရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နိုင်ရေးအတွက် အကြံကောင်း ဉာဏ်ကောင်း နှင့်မိမိချွေးနှီးစာမှ ငွေကြေးဓနၤ ဥစ္စာပစ္စည်းအားဖြင့် ထောက်ပံ့ကူညီခဲ့ကြသော အဖွဲ့အစည်း၊ အသိုင်း အဝိုင်းနှင့် ပုဂ္ဂိုလ်တဦးချင်းစီကိုလည်း အထူးဂုဏ်ယူလေးစားကြောင်း ထပ်လောင်း၍ မှတ်တမ်းတင် အပ်ပါသည်။

ယနေ့ မိမိတို့ဆင်နွဲနေသော တော်လှန်ရေးတိုက်ပွဲသည် ချင်းအမျိုးသားပြည်သူအားလုံး၏ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ပြန်လည်ရရှိရေး။ ဒီမိုကရေစီရရှိရေး တိုက်ပွဲပင်ဖြစ်ပေရာ၍ အရေးသည် ချင်းအမျိုး သားပြည်သူအယောက်စီတိုင်း မဖြစ်မနေလုပ်ဆောင်ရမည့် တာဝန်ဖြစ်ပါသဖြင့် ချင်းအမျိုးသား တပ်ဦး နှင့်လက်တွဲပြီး မိမိကျရာကဏ္ဍမှ အင်တိုက်အားတိုက် ဆက်လက်ပါဝင်ဆင်နွဲကြပါရန် တိုက်တွန်း လိုက်ရပေသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မီတီ
ချင်းအမျိုးသားတပ်ဦး
ချင်းလဲန်

Chin National Front – General Headquarters